ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

**(၄၃) ကြိမ်မြောက် ကမ္ဘာ့လွှတ်တော်ကိုယ်စားလှယ်များ၏ နှစ်ပတ်လည်ဖိုရမ်နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် တရားဥပဒေစိုးမိုးမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်ရေးညီလာခံတွင် "The Role of Legislators in Atrocity-Prevention: Democratic Backsliding, a Precursor to gross Human Rights Violations?" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၏ ဆွေးနွေးချက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့)**

၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် အာဂျင်တီးနားအမျိုးသားကွန်ဂရက်လွှတ်တော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့လွှတ်တော်ကိုယ်စားလှယ်များ၏ နှစ်ပတ်လည်ဖိုရမ် နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် တရားဥပဒေစိုးမိုးမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်ရေးညီလာခံ၌ "The Role of Legislators in Atrocity-Prevention: Democratic Backsliding, a Precursor to gross Human Rights Violations?" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်ဆွေးနွေးခဲ့သည်။

၂။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ၏ ဆွေးနွေးချက်များတွင် အောက်ပါတို့ ပါရှိပါသည်-

- ယနေ့တွင် ကျင်းပသည့် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် တရားဥပဒေစိုးမိုးမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်ရေးညီလာခံတွင် **"The Role of Legislators in Atrocity-Prevention: Democratic Backsliding, a Precursor to gross Human Rights Violations?"** ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊

- ထို့ကြောင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီကိုယ်စား ကမ္ဘာတစ်ဝှမ်း၌ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စများ မြှင့်တင်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းနေကြသည့် PGA မိသားစုဝင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊
- ယနေ့ကမ္ဘာတွင် ဒီမိုကရေစီအပေါ် ခြိမ်းခြောက်မှုများနှင့်အတူ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှု များဟာလည်း ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါကြောင်း၊
- ထိုသည်မှာ တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေခြင်း၊ ပြစ်မှုကျူးလွန်သူများသည် တရားရေး ဆိုင်ရာ အပြစ်ပေး အရေးယူခံရခြင်းနှင့် တာဝန်ခံမှုတို့မှ ကင်းလွတ်နေခြင်း၊ အကာအကွယ် ရ နေခြင်းများကြောင့်ဆိုတာ ပေါ်လွင်ထင်ရှားပါကြောင်း၊
- Rome Statue ကို လေးစားလိုက်နာခြင်းနှင့်အတူ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ လုပ်ကိုင် နိုင်စွမ်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်နိုင်ရန် နိုင်ငံတိုင်း၏ ဥပဒေများ ပြုပြင်ပြောင်းလဲခြင်းတို့အတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက တိုက်တွန်း ကြိုးပမ်းသွားဖို့ အထူးလိုအပ်နေပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ် ရေးနှင့် သာယာဝပြောရေးတို့အတွက် တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုတို့ ပိုမိုအား ကောင်းခိုင်မာစေရန် ဝိုင်းဝန်း ကြိုးပမ်းကာ လူသားအားလုံးအတွက် လှပသောအသိုက်အဝန်း တစ်ခု တည်ထောင်ပေးဖို့ အရေးကြီးပါကြောင်း၊
- မြန်မာနိုင်ငံ၌ ပြည်သူတို့၏ ဆန္ဒသဘောထားကို ဆန့်ကျင်ပြီး ၂၀၂၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းလို့ဆိုတဲ့ ခိုင်လုံမှုမရှိတဲ့စွပ်စွဲချက်ဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ စစ်ခေါင်းဆောင် မင်းအောင်လှိုင်က အရပ်သားအစိုးရထံမှ နိုင်ငံတော်၏ အာဏာကို လက်နက်အင်အားအသုံးပြု၍ တရားမဝင် အာဏာသိမ်းယူခဲ့ ပါကြောင်း၊
- ယင်းလုပ်ရပ်မှာ ရွေးကောက်ပွဲဥပဒေကို ဆန့်ကျင်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ခဲ့ပြီး လက်နက်အင်အားအသုံးပြုကာ အာဏာ လုယူရန်ကြိုးပမ်းသည့် နိုင်ငံတော်ပုန်ကန်မှုပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်တပ်သည် အာဏာလုယူထားသည့် အကြမ်းဖက် သူပုန်အဖွဲ့သာ ဖြစ်ပါကြောင်း၊ ပြည်သူက ရွေးချယ် တာဝန်ပေးအပ်ထားသည့် (သို့မဟုတ်) ဥပဒေအရ တာဝန်ပေးအပ်ထားသည့် အစိုးရတစ်ရပ် မဟုတ်ဘူးဆိုတာ အထင်အရှား ဖြစ်ပါကြောင်း၊

- ထို့ပြင် ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ခဲ့ကြသော ပြည်သူ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုအပေါ်၌ စစ်တပ်က အပြင်းအထန် ဒဏ်ရာရစေခြင်း၊ ဦးခေါင်းအားသေနတ်ဖြင့် တည့်တည့်ပစ်၍ သတ်ဖြတ်ခြင်း၊ အကြမ်းဖက် ဖမ်းဆီးချုပ်နှောင်ခြင်း၊ စစ်ကြောရေးတွင် နှိပ်စက်သတ်ဖြတ်ခြင်းနှင့် အခြားသော ရက်စက်သည့် လုပ်ရပ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေနှင့် ဥပဒေပြုသူများရဲ့ တာဝန်အရ စစ်ကောင်စီကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခဲ့ပြီးဖြစ်ပါကြောင်း၊
- လက်ရှိအခြေအနေတွင် ပြည်သူပေးအပ်ထားတဲ့ အခွင့်အာဏာအရ ဥပဒေပြုသူများဖြစ်တဲ့ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ကိုယ်တိုင်သာမက မိသားစုဝင်၊ ဆွေမျိုးများပါ အသက်အန္တရာယ် ထိခိုက်သည်အထိ ခြိမ်းခြောက်မှုမျိုးစုံဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပါကြောင်း၊ သို့ရာတွင် ဥပဒေပြုသူများရဲ့ တာဝန်နဲ့အညီ ကြမ်းကြုတ်ရက်စက်မှုတွေကို ကာကွယ်တားဆီးနိုင်ဖို့ အခြားသော ညီနောင်တိုင်းရင်းသား အဖွဲ့အစည်းများ၊ ပြည်သူ့တော်လှန်ရေးအင်အားစုများနဲ့အတူ လက်တွဲကြိုးစားရုန်းကန်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- မြန်မာပြည်သူများသည် အာဏာသိမ်းတဲ့ အစောပိုင်းကာလများကတည်းက အကြမ်းဖက် ဖက်ဆစ်စစ်ကောင်စီရဲ့ အာဏာသိမ်းမှု ရုပ်သိမ်းရေး၊ ဖမ်းဆီးခံအစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ရေး၊ ဒီမိုကရေစီပြန်လည်ရှင်သန်ရေးတို့အတွက် အကူအညီပေးရန် နိုင်ငံတကာကို တောင်းဆိုခဲ့ကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊
- သို့သော် ယခုအချိန်ထိ မြန်မာပြည်သူများသည် မိမိတို့ကိုယ်တိုင် ကိုယ်ကိုယ့်ကို ကာကွယ်နိုင်ဖို့ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းနေကြရပါကြောင်း၊ နိုင်ငံတကာရဲ့ ထိရောက်တဲ့ ပံ့ပိုးကူညီမှု လုံလောက်စွာ မရရှိခဲ့တဲ့အတွက် အသက်ပေါင်းများစွာ စတေးပေးနေရပြီး ဖြစ်သလို နေအိမ်များ မီးရှို့ခံရခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခံနေရခြင်းများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူ အရေအတွက်ဟာလည်း နေ့စဉ်တိုးပွားလျက်ရှိပါကြောင်း၊ လက်ရှိ လူဦးရေ ၁ သန်းကျော် နေအိမ်မှ စွန့်ခွာရွှေ့ပြောင်းနေကြရပါကြောင်း၊ အရေးပေါ်အကူအညီလိုအပ်နေသည့် ပြည်သူထောင်ပေါင်းများစွာ ရှိနေပါကြောင်း၊ ယင်းတို့အတွက် ကမ္ဘာ့အသိုက်အဝန်းက ဥပဒေပြုသူများအနေနဲ့ ထိရောက်တဲ့ ပူးပေါင်းကူညီမှုများ လိုအပ်နေပါကြောင်း၊ ကူညီရန်တာဝန်လည်း ရှိပါတယ်လို့ ခံယူထားပါကြောင်း၊
- လူမဆန်သော လူမျိုးတုံးသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့ကျူးလွန်သည့် ပြစ်မှုများမှ ကင်းလွတ်နေမှုကြောင့်

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပိုမိုရက်စက်ကြမ်းကြုတ်သော လူမဆန်မှုများကို ဆက်လက်လုပ်ဆောင်လျက် ရှိပါကြောင်း၊

- Maldives က ကိုယ်စားလှယ်ကြီးပြောကြားသွားသကဲ့သို့ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များသည် ရက်စက်ကြမ်းကြုတ်တဲ့ မည်သည့် အာဏာရှင်မျိုးနှင့်မျှ ပူးပေါင်းဆောင်ရွက်လို့မရနိုင်ဘူးဆိုသည်ကို လေးလေးနက်နက် ထောက်ခံလိုပါကြောင်း၊
- အာဏာသိမ်းမှုကို ဆန့်ကျင်နေသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်သူ့တော်လှန်ရေးအင်အားစုများအပေါ် အကြမ်းဖက်စစ်တပ်အနေဖြင့် အင်အားအလွန်အကျွံသုံး၍ တိုက်ခိုက်ခြင်း၊ လေကြောင်းသုံး၍ တိုက်ခိုက်ခြင်းများဖြင့် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှုများကို ပျောက်ကွယ်သွားရန်အထိ ရည်ရွယ်လုပ်ဆောင်နေလျက်ရှိပါကြောင်း၊ ထို့အပြင် တရားမဝင်သော ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပပြီး စစ်အာဏာရှင်တည်မြဲရေးကို သက်ဆိုးရှည်အောင် နောက်ထပ်အယောင်ဆောင်ရွေးကောက်ပွဲများ ကျင်းပရေးအတွက်လည်း ဦးတည်နေသည်ကို မြင်တွေ့နေရပါကြောင်း၊
- ခွဲခြားမှုမရှိသည့် လေကြောင်းတိုက်ခိုက်မှု များစွာပြုလုပ်ခဲ့သည့်နည်းတူ လက်နက်ကြီးများဖြင့် အရပ်သားပြည်သူနေရာများသို့ တိုက်ခိုက်ပစ်ခတ်မှုများလည်း အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လွန်ခဲ့သော စက်တင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာပြည် အထက်ပိုင်းရှိ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာရှိ မူလတန်းပညာသင်ကြားနေသော စာသင်ကျောင်းသို့ လေကြောင်းဖြင့် တိုက်ခိုက်မှုတွင် ကလေးငယ် (၇) ဦးအပါအဝင် စုစုပေါင်း (၁၃) ဦး သေဆုံးခဲ့ပါကြောင်း၊ သေဆုံးခဲ့သည့် ကလေးငယ်များတွင် အသက် (၇) နှစ် အရွယ်ကလေးငယ်တစ်ဦးလည်း ပါဝင်ပါကြောင်း၊ ထိုထဲမှ ကလေးငယ်တစ်ဦးဆိုလျှင် တိုက်ခိုက်ခံထားရတဲ့ဒဏ်ရာ ပြင်းထန်လွန်းသည့်အတွက် မသေခင်အချိန်တွင် မိခင်ဖြစ်သူကို "သားသား နာလွန်းအားကြီးလို့ သားသားကို သေခွင့် ပေးပါတော့" ဟု တောင်းဆိုရသည်အထိ ရက်စက်မှုများကို မြင်တွေ့နေရတာဖြစ်ပါကြောင်း၊
- ပြီးခဲ့သည့် အောက်တိုဘာလ (၂၃) ရက်နေ့၊ ညပိုင်းတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ အနန့်ပါ တွင် (၆၂) နှစ်မြောက် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အထိမ်းအမှတ်နေ့ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်နေစဉ် အကြမ်းဖက်စစ်တပ်က တိုက်ခိုက်ရေးလေယာဉ် (၃) စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အနုပညာရှင်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် လူ ၁၀၀ ခန့် ထိခိုက် သေဆုံးခဲ့ရပါကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသခွင့်မပေးခြင်းကြောင့် သေဆုံးသူ အရေအတွက်ဟာ ပိုမိုများပြားလာခဲ့တာ ဖြစ်ပါကြောင်း၊

- ယခုကဲ့သို့ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် ကျူးလွန်သူများကို ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးနှင့် အနာဂတ်မှာ ထပ်မံမပေါ်ပေါက်လာစေရေး အတွက် နိုင်ငံတကာတရားစီရင်ရေးစနစ်သည် အလွန်အရေးပါသည်ဟု ယုံကြည်မျှော်လင့် ပါကြောင်း၊ မိမိတို့၏ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း ယင်းလုပ်ငန်းစဉ်အပေါ် ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိနေပါကြောင်း၊
- ကမ္ဘာ့နိုင်ငံများက နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်နေသူ အကြမ်းဖက်လူသတ် ခေါင်းဆောင် မင်းအောင်လှိုင်နှင့် နောက်လိုက်များကို အချိန်မီ အပြစ်ပေးဒဏ်ခတ်ရန် ပျက်ကွက် နေမည်ဆိုပါက ဒီမိုကရေစီ ပြန်လည်ရှင်သန်ရေးအတွက် ကြိုးပမ်းလုပ်ဆောင် နေကြသည့် မြန်မာပြည်သူများအတွက် ကြီးမားသော ဒုက္ခ အန္တရာယ်များနှင့် ဆက်လက် ရင်ဆိုင် ခံစားနေရမှာ ဖြစ်ပါကြောင်း၊
- ယခုထက် ပိုမိုနှောင့်နှေးစွာ တုံ့ပြန်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အဖွဲ့အစည်း များအပေါ် ယုံကြည်မှုယုတ်လျော့လာနိုင်ပါကြောင်း၊ ထို့ကြောင့် ICJ နှင့် ICC တို့ အနေဖြင့် မြန်မာပြည်သူတို့၏ အသံကို နားထောင်ကာ တရားမျှတမှုကို အမြန်ဆုံးဖော်ဆောင်ပေးရန် ကမ္ဘာ့နိုင်ငံများက ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲ အရေးကြီးပါကြောင်း၊ အားလည်း အားထားပါကြောင်း၊ ရက်စက်ကြမ်းကြုတ်မှုများကို ကာကွယ်တားမြစ်နိုင်ရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ရှေ့ပြေးဖြစ်တဲ့ ဒီမိုကရေစီ ကနေ နောက်ကြောင်းပြန်လှည့်သည့် ဖြစ်ရပ်ကို အချိန်မီကုစားကာကွယ်နိုင်ရန် နိုင်ငံတကာ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ကမ္ဘာ့နိုင်ငံအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကလည်း ပူးပေါင်းပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းပါကြောင်း။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx